# သတင်းထုတ်ပြန်ချက်

## "Myanmar Property Awards 2016 တွင် ထိပ်တန်းဆုများ Junction City ချီးမြှင့်ခံရ"

- အကောင်းဆုံးသော Office Architectural Design ဆု၊ အကောင်းဆုံးသော Office Development ဆု များအား Junction City Tower သို့ ချီးမြှင့်ပေးအပ်
- အကောင်းဆုံးသော Retail Architectural Design ဆုကို Junction City Shopping Centre မှ ဆွတ်ခူးရရှိ
- Junction City ၏ Master Developer ဖြစ်သည့် Shwe Taung Development Co., Ltd အား မြန်မာနိုင်ငံတွင် အကောင်းဆုံးသော Developer အဖြစ် ဂုဏ်ပြုဆုအပ်နှင်း

**၂၀၁၆ ဇူလိုင်လ (၄) ရက်၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ** - ဒုတိယအကြိမ်မြောက်ကျင်းပပြုလုပ်သည့် Myanmar Property Awards 2016 တွင် ချီးမြှင့်သည့် ထိပ်တန်းဆုများကို Junction City မှ လက်ခံရရှိခဲ့သည်။ မြန်မာနိုင်ငံတွင် အသိအမှတ်ပြုလက်ခံခြင်းခံရသော Myanmar Property Awards သည် နိုင်ငံအတွင်း အကောင်းဆုံးသော အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအား ရွေးချယ်ပြသခြင်းဖြစ်သည်။ အိမ်ခြံမြေလုပ်ငန်းအတွေ့အကြုံကောင်းများစွာရှိသော လွတ်လပ်စွာ ဆုံးဖြတ်နိုင်သည့် အကဲဖြတ်အဖွဲ့ဝင်များမှ ထိုက်တန်သော ဆုများကို ရွေးချယ်စီစစ်ပေးအပ်ခြင်းဖြစ်သည်။

ထိပ်တန်းဆုများဖြစ်သည့် Best Office Development ၊ Best Office Architectural Design နှင့် Best Retail Architectural Design ဆုများကို Junction City ၏ Office Tower နှင့် Shopping Centre တို့မှ ချီးမြှင့်ခြင်း ခံရသည်။ ၄င်းအပြင် Junction City မှ Best Retail Development ၊ Best Hotel Development နှင့် Best Hotel Architectural Design များအတွက် Highly Commended Certificates အား ပေးအပ်ခြင်းခံရသည်။ ရန်ကုန်မြို့လယ်ခေါင်တွင်ရှိသော ဖွံ့ဖြိုးရေးအသွင်သဏ္ဍာန် မျိုးစုံပေါင်းစပ်ပါဝင်သည့် Junction City သည် စုစုပေါင်း Winner ဆု (၃) ခု နှင့် Highly Commended Certificate (၃) ခု အား လက်ခံရရှိခဲ့ပါသည်။

Myanmar Property Awards ၏ အမြင့်ဆုံးထိပ်တန်းဆုဖြစ်သည့် Best Developer ဆုကို Junction City ၏ Master Developer ဖြစ်သည့် Shwe Taung Development Co., Ltd မှ ရရှိခဲ့ပါသည်။ ထို့အပြင် ၄င်းတာဝန်ယူတည်ဆောက်သော Crystal Residences သည် အကောင်းဆုံးသော Condo Development အတွက် Highly Commended Certificate လက်ခံရရှိခဲ့သည်။

"အခုလို ကျွန်မတို့အနေနဲ့ Myanmar Property Awards 2016 မှာ ထိပ်တန်းဆုတွေကို ချီးမြှင့်ခံရတဲ့ အတွက် အလွန်ပဲ ဂုဏ်ယူဝမ်းသာမိပါတယ်။ မြန်မာနိုင်ငံမှာ ဒီဇိုင်း နဲ့ အရည်အချင်း ဆိုင်ရာ စံနှုန်းအသစ်တစ်ခုကို အသေအချာစိုက်ထူနိုင်ဖို့အတွက် ကျွန်မတို့အဖွဲ့သားတွေဟာ အစွမ်းကုန်အားထုတ်ကြိုးပမ်းလုပ်ကိုင်နေပါတယ်။ အခုလက်ခံရရှိတဲ့ဆုတွေဟာ ရန်ကုန်မြို့မှာ နေထိုင်သူများနှင့် လာရောက်လည်ပတ်သူများကို မတူညီတဲ့ မြို့ပြအတွေ့အကြုံခံစားမှုကို ဖြစ်ပေါ်စေမယ့် ကမ္ဘာ့အဆင့်မီ ဖွံ့ဖြိုးရေးအသွင်ပေါင်းစုံပါရှိသော Junction City ဖြစ်စေမည် ဟူသည့် ကျွန်မတို့၏ ကတိပြုထားရှိမှုကို ပိုမိုခိုင်မာစေပါတယ်" ဟု ဒေါ်စန္ဒာထွန်း (Managing Director, Shwe Taung Group) မှပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဒေါ်စန္ဒာထွန်းမှ "ရွှေတောင်အနေနဲ့ မြန်မာနိုင်ငံတွင် အရည်အသွေး ပြည့်မီ ကောင်းမွန်သည့် အိမ်ခြံမြေလုပ်ငန်းစီမံကိန်းများကို ဆယ်စုနှစ် (၂) ခုကျော်စွာ Residential, Industrial, Retail, Office နှင့် Township Segments များ အပါအဝင်ဖြန့်ကျက် လုပ်ကိုင်လျက်ရှိပါတယ်။ အိမ်ခြံမြေလုပ်ငန်းဆိုင်ရာ ပညာရှင်များမှ ကျွန်မတို့ရဲ့လုပ်ငန်းများ အရည်အသွေးပြည့်ဝမှု အပေါ် အခုလို အသိအမှတ်ပြု ချီးမြှင့်တဲ့ Best Developer (Myanmar) Award ကို ရရှိတာဟာ ဂုဏ်ယူမိပါတယ်။ Myanmar Property Awards ကို စီစဉ်ဆောင်ရွက်တဲ့ Property Guru ကို အထူးပဲ ကျေးဇူးတင်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ Developer များ၏ အကောင်းဆုံးသောအနေထားအဆင့်တစ်ခုအတွက် တိုင်းပြည်ရှိ အိမ်ခြံမြေစီမံကိန်းများရဲ့ အရည် အသွေး ပြည့်မီမြင့်မားမှုကို ပြသရန် ဒီအခမ်းအနားက အထောက်အပံ့ဖြစ်စေမှာ ဖြစ်ပါတယ်" ဟူ၍ ပြောကြားခဲ့ပါတယ်။

Keppel Land ၏ CEO ဖြစ်သည့် Mr. Ang Wee Gee မှ "Junction City Tower ဟာ အကောင်းဆုံး Office Development နှင့် Office Architectural Design ဆုများကို ပေးအပ် ချီးမြှင့် ခံရတဲ့အတွက် ကျွန်ုပ်တို့ရဲ့ လုပ်ငန်းဖော်ဖြစ်တဲ့ Shwe Taung Group နဲ့ အတူတကွ ကျွန်တော်တို့ အနေနဲ့ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ Grade A Office အဆင့်ရှိ Junction City Tower ဟာ ဘဏ္ဍာရေးဆိုင်ရာ နယ်ပယ်နဲ့ စင်ကာပူ၏စီးပွားရေးမှာ အဓိကဖြစ်တဲ့ Office Development များအပါအဝင် အခြားအထင်ကရ မှတ်တိုင်များစွာရှိတဲ့ Keppel Land ရဲ့ အတွေ့အကြုံအင်အား နဲ့ မြန်မာနိုင်ငံတိုးတက်မှုအတွက် ပါဝင်လာမယ့် နိုင်ငံတကာကုမ္ပဏီများ၏ လိုအပ်ချက်ကို ပြည့်မီ စေမှာဖြစ်တယ်လို့ ကျွန်တော်တို့အနေနဲ့ ယုံကြည်မှုအပြည့်အဝရှိပါတယ်" ဟု ပြောကြားခဲ့ပါတယ်။

Pan Pacific Hotels Group ၏ Chief Executive Officer ဖြစ်သူ Mr. Bernold O. Schroeder မှ "Junction City အတွက် Shwe Taung Group နှင့်အတူဝမ်းမြောက်မိပါတယ်။ အခုလို Pan

Pacific Yangon ဟာ Hotel Development and Architectural Design မှာ ဦးဆောင်သူ တစ်ဦး အဖြစ် အသိအမှတ်ပြုခံရတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဂုဏ်ယူမိပါတယ်။ ဒါ့အပြင် ဒေသတွင်း ဟော်တယ်ကဏ္ဍကို ပိုမိုအားဖြစ်စေမယ့် အရည်အသွေးမြင့် ဟော်တယ်များ ဖြစ်ထွန်းစေရန် ဟူသော ကျွန်တော်တို့အဖွဲ့အစည်းရဲ့ ကတိပြုထားရှိမှုကို ထပ်မံအတည်ပြုပါတယ်။ ကျွန်တော်တို့ရဲ့ ပထမဆုံးသော ဧည့်သည်များကို ကြိုဆိုဖို့နဲ့ ကျွန်တော်တို့ရဲ့ Pan Pacific Yangon အမှတ်တံဆိပ်ဖော်ဆောင်မှုဖြစ်သည့် ၄င်းတို့အတွက် *Refreshing Pacific Experiences* ကို ဖန်တီးပေးရန်အတွက် စိတ်လှုပ်ရှားနေမိပါတယ်" ဟူ၍ ပြောကြားခဲ့ပါသည်။

စင်ကာပူနိုင်ငံမှ ဒီဇိုင်းဆရာ DP Architects ၏ ဒီဇိုင်းဖြစ်သည့် Junction City သည် ဗိုလ်ချုပ်အောင်ဆန်းလမ်း နှင့် ရွှေတိဂုံဘုရားလမ်းတို့ဆုံရာတွင် တည်ရှိပါသည်။ ၄င်းသည် ရန်ကုန်မြို့တွင် ခေတ်မီသောဒီဇိုင်း၊ ခမ်းနားမှု၊ အရည်အသွေးပြည့်မီမှုတို့ဖြင့် ကမ္ဘာ့အဆင့်မီ ဖွံ့ဖြိုးရေးအသွင်ပေါင်းစုံပါရှိသော အထင်ကရ အမှတ်အသားအသစ်ဖြစ်စေမှာ ဖြစ်ပါတယ်။

Junction City တွင် စင်ကာပူမှ Keppel Land နှင့် ပူးပေါင်းဆောင်ရွက်သည့် Grade A Office Tower ၊ Pan Pacific Hotels Group နှင့် အတူတကွဆောင်ရွက်သည့် 5-Star Luxury Hotel ၊ လူမှုဘဝပုံစံများနှင့် လိုက်လျောညီထွေရှိမည့် ဈေးဝယ်စင်တာတို့ပါဝင်ပြီး နေထိုင်၊ အလုပ်လုပ်ကိုင်၊ အပန်းဖြေကစားနိုင်ရန် ဖန်တီးပုံဖော်ထားသော Serviced Residences တို့လည်း ပါရှိပါသည်။

Junction City ၏ Phase 1 တွင် ပါဝင်သည့် Junction City Tower ၊ Junction City Shopping Centre နှင့် Pan Pacific Yangon တို့သည် ၂၀၁၇ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ကာ Phase 2 တွင် ပါဝင်သည့် Service Residences သည် ၂၀၁၉ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။

**Myanmar Property Awards 2016**

**Winner**

Best Office Development – Junction City Tower
Best Office Architectural Design – Junction City Tower
Best Retail Architectural Design – Junction City Shopping Centre
Best Developer (Myanmar) - Shwe Taung Development Co., Ltd. (master developer of Junction City)

**Highly Commended**

Best Retail Development – Junction City Shopping Centre
Best Hotel Development – Pan Pacific Yangon
Best Hotel Architectural Design – Pan Pacific Yangon
Best Condo Development – Crystal Residences by Shwe Taung Development Co., Ltd.

###

**Shwe Taung Group အကြောင်း**

၁၉၉၀ ပြည့်လွန်နှစ်များမှ စတင်တည်ထောင်ခဲ့သော Shwe Taung Group တွင် အိမ်ခြံမြေ၊ ရင်းနှီးမြှုပ်နှံမှု၊ ဆောက်လုပ်ရေးနှင့် ဆောက်လုပ်ရေးပစ္စည်းများ၊ စွမ်းအင်နှင့်အခြေခံအဆောက်အအုံ၊ ကုန်သွယ်လုပ်ငန်း၊ အာမခံလုပ်ငန်းများအပါအဝင် လုပ်ငန်းနယ်ပယ်မျိုးစုံတွင် ကျယ်ပြန့်သောစီးပွားရေးလုပ်ငန်းများဖြင့် စုပေါင်းဖွဲ့စည်းထားပါသည်။ မြန်မာနိုင်ငံအတွက် BMW ကားများ ဖြန့်ဖြူးရောင်းချခွင့်ကိုလည်း ရရှိထားပါသည်။ နိုင်ငံတဝှမ်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနေပြီး Shwe Taung Group ၏ လက်ရှိဝန်ထမ်းအင်အားမှာ ၆၀၀၀ ကျော် ရှိသည်။

မြန်မာနိုင်ငံတွင် အရည်အသွေးမြင့်အိမ်ရာစီမံချက်များဆောက်လုပ်မှု သမိုင်းမှတ်တမ်းကောင်းရှိထားသော Group လည်းဖြစ်သည်။ Crystal Tower, Crystal Residences, Junction Square, Union Business Centre, Union Financial Centre, နှင့် မကြာခင် ပေါ်ထွက်လာမည့် Junction City စသော ထင်ရှားသည့် စီမံကိန်းများအပါအဝင် မြေဧက ၈၀၀ ကျော်ပေါ်တွင် အိမ်ရာစီမံချက်ပေါင်း ၅၀ ကျော်ကို တည်ဆောက်ထားပြီး ဖြစ်သည်။ ထို့ပြင် Shwe Taung Group သည် မြန်မာနိုင်ငံ၏ မြို့တော်နေပြည်တော်မြို့ရှိ Myanmar International Convention Centre အား တာဝန်ယူ တည်ဆောက်ခဲ့ပါသည်။

မြန်မာပြည်သူလူထုနှင့် သဘာဝပတ်ဝန်းကျင်အတွက် ကောင်းကျိုးပြုသော Corporate Social Responsibility – CSR ဆောင်ရွက် ချက်များကို Shwe Taung Group က ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားမည်ဟု အလေးအနက်ယုံကြည် ထားပါသည်။ ၎င်းအနေဖြင့် လူ့အရင်း အမြစ် တိုးမြှင့်ခြင်း၊ သဘာဝပတ်ဝန်းကျင်အားကာကွယ်ခြင်း၊ လူမှုအသိုင်းအဝန်း တည်ဆောက်ခြင်းနှင့် အဖွဲ့အစည်း၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် အကျိုးစီးပွားပါဝင် ပတ်သတ်သူများ အပေါ်တာဝန်သိတတ်မှု တို့ကို တိုးမြှင့်အားပေးခြင်း စသည့် ကဏ္ဍများနှင့် သက်ဆိုင်သော အစီအစဉ်များတွင် တက်ကြွစွာ ပါဝင်ပါသည်။ အဖွဲ့ကြီး၏ CSR သည် အနာဂါတ်မြန်မာနိုင်ငံအတွက် ဘာဝပတ်ဝန်းကျင်အား တိုးမြှင့်ထိန်းသိမ်းရန်၊ ပညာရေးကိုမြှင့်တင်ရန် နှင့် လူမှုအသိုင်းအဝန်းအကျိုးပြု အစီအစဉ်များ စသည့် ရေရှည်တည်တံ့သော အစီအစဉ်များတွင် ဦးတည် ရင်းနှီးမြှုပ်နှံသည်။ Shwe Taung Group သည် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသော အင်္ဂါရပ်များနှင့် နည်းပညာများအား ၎င်း၏ ကုန်ပစ္စည်း များတွင် ထည့်သွင်းကာ စတင် အကောင်အထည်ဖော်လုပ်ဆောင်မှုများ လုပ်ဆောင်နေပါသည်။

United Nation မှ လူ့အခွင့်အရေး၊ အလုပ်သမားဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင် နှင့် ကျင့်ပျက်ခြစားမှုအား ဆန့်ကျင်ခြင်း စသည့် ကဏ္ဍများတွင် ရေရှည်တည်တံ့သော၊ လူမှုဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုကို စီးပွားရေး အဖွဲ့အစည်းများမှ ကမ္ဘာတဝှမ်းတွင် ခံယူကျင့်သုံးရန် အားပေးတိုက်တွန်းသည့် အစီအစဉ် တစ်ခုဖြစ်သည့် United Nations Global Compact အဖွဲ့ဝင်အဖြစ် ၂၀၁၃ ခုနှစ်မှစပြီး အဖွဲ့ဝင် ဖြစ်လာပါသည်။

Shwe Taung Group: တာဝန်ခံသောရင်းနှီးမြှုပ်နှံမှုနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် ဆောင်ရွက်မှုများမှ တစ်ဆင့် လူနေမှုဘဝများကို ရှင်သန်နိုးကြားစေမည် (Inspiring Lives Through Responsible Investment and Sustainable Development)

**Keppel Land အကြောင်း**

အာရှ၏ထိပ်တန်း မြေအိမ်ရာအဆောက်အအုံလုပ်ငန်းများအနက်မှ တစ်ခုဖြစ်သော Keppel Land သည် Keppel Corporation Limited ၏ လုပ်ငန်းခွဲတစ်ခုဖြစ်ပြီး အောင်မြင်မှုဆုများချီးမြှင့်ခံရသော အိမ်ရာ အဆောက်အအုံစီမံချက်များ၊ ရင်းနှီးမြှုပ်နှံမှုအဆင့်မီကုန်သွယ်မှုအဆောက်အဦဆောက်လုပ်မှုများသာမက ပေါင်းစည်းအုပ်ချုပ်မှု (Corporate Governance) နှင့် ပွင့်လင်းမြင်သာမှု (Transparency) တို့တွင် စံချိန်စံညွှန်းမြင့်မားမှုတို့ကြောင့် နာမည်ကောင်းအသိအမှတ်ပြုခံရပါသည်။

ကုမ္ပဏီသည် အာရှတွင် လုပ်ငန်းများခွဲဖြန့်ဆောင်ရွက်နေရာ စင်ကာပူနှင့်တရုတ်နိုင်ငံသည် အဓိက ဈေးကွက်ဖြစ်ပြီး အင်ဒိုနီးရှားနှင့် ဗီယက်နမ်ဈေးကွက်တွင်လည်း လုပ်ငန်းကြီးထွားလျက်ရှိနေပါသည်။

စင်ကာပူတွင် အဆင့်မြင့်ရုံးခန်းအဆောက်အအုံများ တည်ဆောက်ရာ၌ရှေ့ဆောင်ခဲ့သော Keppel Land သည် Marina Bay Financial Centre ၊ Ocean Financial Centre နှင့် One Raffles Quay စသော အထင်ကရအဆောက်အအုံများဖြင့် စင်ကာပူ၏ မိုးကုပ်စက်ဝိုင်းအနားသတ်မျဉ်းကို မြှင့်တင်ပေးနိုင်ခဲ့ပါသည်။

ကုမ္ပဏီသည် အာရှတိုက်၏အဓိကမြို့တော်များတွင် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ ပိုမိုကြီးထွားအောင်ဆောင် ရွက်မည်ဖြစ်သည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုအဆောက်အအုံများတွင် ရှန်ဟိုင်းရှိ Park Avenue Central နှင့် Life Hub @ Jinqiao ၊ တရုတ်နိုင်ငံတွင် ဘေဂျင်း ရှိ Grade A ရုံးခန်းဆောက်လုပ်မှုနှင့် Sino-Singapore Tianjin Eco-City ရှိ Seasons City၊ ဗီယက်နမ်နိုင်ငံဟိုချီမင်းရှိ Saigon Centre ၊ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာရှိ International Financial Centre နှင့် မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ Junction City Office Tower တို့ပါဝင်သည်။

ကုမ္ပဏီသည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် SM-KL အဆောက်အအုံတည်ဆောက်မှု ဒုတိယအဆင့်ကို စတင်နေပြီဖြစ်သည်။ အာရှပြင်ပတွင်မူ UK နိုင်ငံ လန်ဒန်မြို့တွင် ရုံးခန်းအဆောက်အဦ ဆောက်လုပ်ခွင့်ရရှိထားပါသည်။ Keppel Land ၏ လက်လီရောင်းချမှုလုပ်ငန်းကို ပိုမိုတောင့်တင်းခိုင်မာစေရန်အတွက် Retail management company တစ်ခုဖြစ်သော Array Real Estate ၏ ရှယ်ယာ ၇၅% ကိုရယူထားပြီး Keppel Land Retail Management Pte Ltd ဟု အမည်ပြောင်းလဲထားပါသည်။

Keppel Land သည် စင်ကာပူနိုင်ငံ Keppel Bay နှင့် Marina Bay တို့ကို မျက်နှာပြုပြီး ကမ္ဘာ့အဆင့်မီ လူနေအဆောက်အအုံများ ဆောက်လုပ်ခဲ့သည့် အာရှထိပ်တန်း အိမ်ခြံမြေလုပ်ငန်းကြီးဖြစ်သည်။ မန်ဟက်တန်၊ နယူးရော့ခ်တွင် လူနေအဆောက်အဦတစ်ခုဆောက်လုပ်မှုဖြင့် အမေရိကန်နိုင်ငံတွင်း ဝင်ရောက်လုပ်ကိုင်သည်။

စင်ကာပူနှင့်ပြည်ပနိုင်ငံများတွင် ဆောက်လုပ်ပြီး ဆောက်လုပ်ဆဲ အိမ်ပေါင်း ၇၀၀၀၀ ခန့် အပြင် ဒေသတွင်းတွင်လည်း လုပ်ငန်းဆောင်ရွက်မှုများတိုးပွားနေသော Keppel Land သည် အရည်အသွေးမြင့်နေအိမ်သီးသန့်၊ ရုံးခန်းသီးသန့်နှင့် နေအိမ်ရုံးခန်းတွဲစပ်အဆောက်အဦ လိုအပ်ချက်တိုးမြင့်လာမှုများကို ကောင်းစွာဖြည့်ဆည်း ပေးနေပါသည်။

**Pan Pacific Hotels Group အကြောင်း**

Pan Pacific Hotels Group ကို စင်ကာပူနိုင်ငံ၏ စတော့ စာရင်းဝင် ကုမ္ပဏီဖြစ်သည့် UOL Group Limited မှ ပိုင်ဆိုင်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် အိမ်ခြံမြေတည်ဆောက်ရေးလုပ်ငန်းများတွင် အောင်မြင်မှု မှတ်တမ်းများဖြင့် အာရှရှိ အထင်ကရ ဟိုတယ် နှင့် ဆောက်လုပ်ရေးလုပ်ငန်း ကုမ္ပဏီများ ထဲမှ

တစ်ခုဖြစ်ပါသည်။ စင်ကာပူအခြေစိုက် Pan Pacific Hotels Group မှ ဟိုတယ် ၃၀ကျော်၊ အပန်းဖြေစခန်းများ၊ အခန်းပေါင်း ၁၀၀၀၀ ပါဝင်သည့် ဝန်ဆောင်မှု အဆောက်အဦများ အပါအဝင် အာရှ၊ Oceania၊ North America နှင့် Europe တို့တွင် တည်ဆောက်လျက်ရှိသည့်အဆောက်အဦများ ကို ပိုင်ဆိုင်ပါသည်။ ၎င်းလုပ်ငန်းစုတွင် ဂုဏ်သတင်း "Pan Pacific" နှင့် PARKROYAL စသည်အမှတ်တံဆိပ်တို့ ပါဝင်ပါသည်။ "Pan Pacific" သည် အာရှ နှင့် the Pacific Rim တို့တွင် ပထမတန်းစား နေအိမ်တိုက်ခန်းများ နှင့် ဝန်ဆောင်မှုများ ပါဝင်သည့် ဟိုတယ်များဖြင့် ဦးဆောင်နေသည့် အမှတ်တံဆိပ်ဖြစ်ပါသည်။ PARKROYAL သည် သက်တောင့်သက်သာရှိသည့် အပန်းဖြေစရာ နှင့် စီးပွားရေး ဟိုတယ်များ နှင့် အပန်းဖြေစခန်းများ ဖြင့် Asia Pacific တစ်လွှားရှိ မြို့များ၏ အချက်အချာကျပြီး အထင်ကရနေရာ များတွင် တည်ရှိပါသည်။ ပိုမိုသိရှိလိုသော အချက်အလက်များ အတွက် pphg.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**<u>မီဒီယာများ ဆက်သွယ်ရန်</u>**

Aye Mon Thu
Email: ccd.stg@shwetaunggroup.com
Tel: +95 9 795 919 100